
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရာရာသတိထားရင်း
အသန်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် - ၉၅

# အခန်း (၁၃၂၁) - နက္ခတ်တာရာ ပင်လယ်ပြင် (၁၂၅၆)

*

မိမိနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော မုဟိုင်ထောင်းကို ဝမ်းချန်သည် အဓိပ္ပာယ်ပါသော မျက်ဝန်းတို့ဖြင့် စိုက်ကြည့်ရင်း "ဥက္ကဋ္ဌမု... ခင်ဗျား ဘယ်တုန်းက နိုးထလာခဲ့တာလဲ" ဟု မေးမြန်းလိုက်လေသည်။

ဤ A-အဆင့် စစ်သည်တော်နှင့် မတွေ့ဆုံဖြစ်သည်မှာ တစ်နှစ်နီးပါး ရှိခဲ့ချေပြီ။ မုဟိုင်ထောင်း၏ ရုပ်သွင်နှင့် အမူအရာတို့မှာ ပြောင်းလဲခြင်းမရှိသော်ငြား သူ၏အတွင်းသန္တာန်၌ ထူးခြားသော

အပြောင်းအလဲများ ရှိနေသည်ကို ဝမ်ချန်က အကဲခတ်မိပေသည်။

ယခင်က မုဟိုင်ထောင်းမှာ မျိုးရိုးဗီဇမြှင့်တင်မှု သုံးကြိမ်ပြုလုပ်ထားပြီး လူသားတို့၏ အထွတ်အထိပ်သို့ ရောက်ရှိနေသည့် စစ်သည်တော်တစ်ဦးမျှသာ ဖြစ်ခဲ့သော်လည်း ယခုမူ သူသည် စူပါစစ်သည်တော်တစ်ဦး ဖြစ်နေခဲ့ပြီမဟုတ်လော။

မုဟိုင်ထောင်းသည် ထိုအစွမ်းကို အထူးပင် လျှို့ဝှက်ထားသဖြင့် အခြားသူများမှာမူ ရိပ်မိနိုင်မည်မဟုတ်ချေ။ သို့သော် ဝမ်ချန်၏ အမြင်အာရုံကိုမူ သူ လှည့်စားနိုင်ခြင်း မရှိပေ။

ထိုခဏ၌ မုဟိုင်ထောင်း၏ မျက်ဝန်းအစုံသည် ရုတ်ချည်းပင် ထက်မြက်စူးရှလာကာ အိမ်ထဲတွင်ရှိနေသော ဓားတစ်လက်ကို အိမ်ပြင်သို့ ထုတ်ယူလိုက်သကဲ့သို့ တောက်ပသော

အရောင်အဝါတို့ ထွက်ပေါ်လာတော့သည်။

သူ၏ ကိုယ်ရောင်ကိုယ်ဝါမှာလည်း အရှိန်အဟုန်ဖြင့် မြင့်တက်လာချေသည်။ သို့သော် ဝမ်ချန်ကမူ တည်ငြိမ်အေးဆေးစွာဖြင့်ပင် "မင်းမှာ ဘယ်လိုစွမ်းအားမျိုး နိုးထလာလဲဆိုတာ ပြောပြလို့ရမလား" ဟု မေးခွန်းထုတ်လိုက်ပြန်သည်။

မုဟိုင်ထောင်း၏ မျက်ခုံးများမှာ မသိမသာ တွန့်ချိုးသွားရ၏။ အမှန်အတိုင်းဆိုရသော် သူသည် ဝမ်ချန်၏ အရည်အချင်းကို စမ်းသပ်လိုစိတ် ပြင်းပြနေခဲ့သည်။

နိုးထလာသော စူပါစွမ်းအားတို့က ဤအင်ပါယာ ဗိုလ်မှူးဟောင်းအား ကြီးမားသော ယုံကြည်မှုကို ပေးစွမ်းထားပြီး တန်ပါစ်ဂြိုဟ်ပေါ်တွင် သူ မည်သူ့ကိုမျှ ကြောက်ရွံ့စရာမလိုဟု ခံစားနေရသည်။

သို့သော် ဝမ်ချန်နှင့် တစ်ဖန်ပြန်၍ ရင်ဆိုင်ရသောအခါ၌မူ မိမိတွင် အနိုင်ရနိုင်စွမ်း မရှိကြောင်းကို ရုတ်တရက် နားလည်သွားခဲ့ရသည်။ ဝမ်ချန်မှာ ယခင်ကထက်ပင် ပိုမိုနက်နဲကာ ခန့်မှန်းရခက်သော အခြေအနေသို့ ရောက်ရှိနေလေပြီ။

မုဟိုင်ထောင်းသည် အတန်ကြာ စဉ်းစားပြီးနောက် မိမိ၏ ထက်မြက်သောအရှိန်အဝါတို့ကို လျှော့ချလိုက်ရင်း "ငါလွန်ခဲ့တဲ့ ခြောက်လက နိုးထခဲ့တာပါ၊ အဲဒီစွမ်းအားကတော့..." ဟု ဆိုကာ သူ၏ လက်ဝါးကို မြှောက်လိုက်သည်။

ထိုသို့ပြုလုပ်ရာတွင် ထူးခြားသော လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရသော်လည်း ဝမ်ချန်မှာမူ မိမိ၏ ခန္ဓာကိုယ်သည် မမြင်ရသော အင်အားတစ်ခု၏ ဖိနှိပ်ခြင်းကို ခံလိုက်ရသကဲ့သို့ ရုတ်ချည်းပင် လေးလံသွားသည်ဟု ခံစားလိုက်ရ

သည်။

"ဩော်... ဒါက ဆွဲငင်အားကို ထိန်းချုပ်နိုင်တဲ့ စွမ်းအားပဲ၊ တကယ်ကို အားကျစရာကောင်းတဲ့ စူပါစွမ်းအားတစ်ခုပါပဲ" ဟု ဝမ်ချန်က မှတ်ချက်ပြုလိုက်လေသည်။

အမှန်စင်စစ် ဆွဲငင်အားကို ထိန်းချုပ်နိုင်စွမ်းမှာ လူသိများသော စူပါစွမ်းအားများအနက် တန်ဖိုးအရှိဆုံးနှင့် ရှားပါးလှသော စွမ်းရည်တစ်ခု ဖြစ်ပေသည်။

အထူးသဖြင့် တန်ပါစ်ဂြိုဟ်ကဲ့သို့သော ထူးခြားသည့် ပတ်ဝန်းကျင်မျိုးတွင် ထိုစွမ်းအား၏ အခန်းကဏ္ဍမှာ ပိုမိုထင်ရှားလှပေရာ ဝမ်ချန်အတွက်မူ မုဟိုင်ထောင်း၏ ဆွဲငင်အားမှာ မည်မျှပင် ပြင်းထန်စေကာမူ သူ့အား အန္တရာယ်ပြုနိုင်မည် မဟုတ်ချေ။

မုဟိုင်ထောင်းသည်လည်း ထိုအချက်ကို

နားလည်ပုံရသဖြင့် ခါးသီးစွာ ပြုံးလိုက်ရင်း "မင်းရဲ့ စွမ်းအားကိုတော့ မမီပါဘူး" ဟု ဆိုလေသည်။

ဝမ်ချန်တွင် မည်သည့်စွမ်းအားရှိသည်ကို သူ အသေအချာ မသိသော်ငြား အရာရှိချုပ်တစ်ဦး ဖြစ်သော ဝမ်ချန်အနေဖြင့် အစွမ်းထက်သော စွမ်းအားများ ရှိနေမည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။

ဝမ်ချန်က ပြုံးလျက် "ဥက္ကဋ္ဌမှ… စွမ်းအားကြီးလေလေ တာဝန်ကြီးလေလေပဲ။ မင်းရဲ့ ရည်မှန်းချက်တွေနဲ့ အပြာရောင်အလုပ်သမားသမဂ္ဂကို ဖွဲ့စည်းခဲ့တာကို ငါသိပါတယ်။ ဒါပေမဲ့ တန်ပါစ်ဂြိုဟ်ပေါ်မှာ မင်းတို့အနေနဲ့ အင်ပါယာကို ဆန့်ကျင်နိုင်မယ်လို့တော့ မထင်နဲ့" ဟု သတိပေးလိုက်သည်။

မုဟိုင်ထောင်းသည် ပုန်ကန်သူများနှင့်

ပတ်သက်မှုရှိနေနိုင်ပြီး အင်ပါယာ၏ အာဏာစက် အားနည်းနေချိန်တွင် ထိုသို့သော အတွေးမျိုး ရှိနေခြင်းမှာ သဘာဝကျသော်လည်း အင်ပါယာကို ရင်ဆိုင်နိုင်စွမ်းရှိမည်ဟု ဝမ်ချန် မယူဆပေ။

မုဟိုင်ထောင်းသည် ခဏမျှ တိတ်ဆိတ်သွားပြီးနောက် "ငါ အပြာရောင်အလုပ်သမားသမဂ္ဂကို ဖွဲ့စည်းခဲ့တာက ဒေသခံတွေနဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်ဖို့နဲ့ တရားမျှတမှုကို ရှာဖွေဖို့အတွက်ပါ" ဟု ပြောကြားလိုက်သည်။

"တရားမျှတမှု ဟုတ်လား..."

ဝမ်ချန်၏ မျက်ဝန်းတို့မှာ ဝင်းလက်သွားကာ "ဘယ်လို တရားမျှတမှုမျိုးလဲ၊ ပြီးတော့ ဘယ်သူ့ဆီကနေ တောင်းဆိုမှာလဲ" ဟု မေးမြန်းလိုက်သောအခါ မုဟိုင်ထောင်းက ဒေါသတကြီးဖြင့် "ဝမ်ဟိုင်အုပ်စုဆီကပါပဲ၊ သူတို့တွေသာ အရာရှိ

တွေနဲ့ ပေါင်းပြီး ရိက္ခာတွေကို မခိုးယူခဲ့ရင် အသက်ရှင်ကျန်ရစ်သူ အရေအတွက်ဟာ အခုထက် အဆပေါင်းများစွာ ပိုများနေမှာပါ" ဟု လက်သီးကို တင်းတင်းဆုပ်ကာ ပြန်လည်ဖြေကြားလေသည်။

ဤတစ်ကြိမ်တွင်မူ ဝမ်ချန်သည် တိတ်ဆိတ်သွားရတော့သည်။ ဝမ်ဟိုင်အုပ်စုမှာ အင်ပါယာအတွင်း ထင်ရှားကျော်ကြားသော ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး တန်ပါစ်ဂြိုဟ်အတွက် စစ်ကြိုခေတ် ရိက္ခာထောက်ပံ့မှုများကို တာဝန်ယူခဲ့သော်လည်း ဂြိုဟ်ကျဆုံးပြီးနောက် အသက်ရှင်ကျန်ရစ်သူတို့မှာ လိုအပ်သော ရိက္ခာ၏ တစ်ဆယ်ပုံတစ်ပုံကိုပင် မရရှိခဲ့ကြပေ။

အချို့သော အခြေစိုက်စခန်းများတွင်မူ ရိက္ခာဂိုဒေါင်များမှာ လုံးဝပင် ဟာလာဟင်းလင်း ဖြစ်နေခဲ့ချေပြီ။

"ငါတို့ အင်ပါယာဆီကို တိုင်ကြားခဲ့ပေမဲ့ အခု ထိ ဘာသတင်းမှ မရရှိခဲ့သလို သွားရောက် တိုင်ကြားတဲ့သူတွေလည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ရတယ်။အရာရှိချုပ်ဝမ်... မင်းသာ ငါ့နေရာမှာဆိုရင် ဘာလုပ်မလဲ။ ငါတို့ မှာ ဝမ်ဟိုင်အုပ်စုရဲ့ အနိုင်ကျင့်သတ်ဖြတ်တာကို ပဲ ငြိမ်ခံနေရတော့မှာလား" ဟု မုဟိုင်ထောင်းက ဝမ်းနည်းကြေကွဲစွာဖြင့် မေးခွန်းထုတ်လိုက် သည်။

ဝမ်ချန်ကမူ အမူအရာမပျက်ဘဲ "ငါသာ ဆိုရင် ဒီနေရာကနေ ထွက်သွားမိမှာပဲ" ဟု အေးစက် စွာ ပြောလိုက်လေသည်။

သို့သော် မုဟိုင်ထောင်းကမူ "ဒါက ငါတို့ မျိုးဆက်နဲ့ချီပြီး နေထိုင်ခဲ့တဲ့ မိခင်မြေပါ" ဟု ခါး သီးစွာ ရယ်မောရင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

ဝမ်ချန်သည် စီးကရက်တစ်လိပ်ကို ထုတ်ကာ

မီးညှိလိုက်ပြီး တစ်လိပ်ကို မုဟိုင်ထောင်းထံ ကမ်းပေးရင်း "ကိုယ့်ရပ်ကိုယ့်ရွာကို စွန့်ခွာဖို့ ခက်ခဲတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ကျောက်ဆောင်ကို ဥနဲ့ထုသလိုမျိုး ဘာလို့ အလုပ်ခံမှာလဲ။ အသက်ရှင်နေမှသာ မျှော်လင့်ချက်ဆိုတာ ရှိနိုင်မှာပါ" ဟု ဆိုလိုက်သည်။

ဝမ်ချန်သည် ဤလောကသို့ ခေတ္တလာရောက်သူတစ်ဦးမျှသာ ဖြစ်သဖြင့် မုဟိုင်ထောင်းတို့၏ ခံစားချက်ကို အပြည့်အဝ နားမလည်နိုင်သော်လည်း ဘေးလူတစ်ဦးအနေဖြင့်သာ အကြံပြုစကား ဆိုခြင်းဖြစ်ပေသည်။

အခန်းတွင်း၌ တစ်ဖန် တိတ်ဆိတ်သွားပြန်ရာ မုဟိုင်ထောင်းက "အရာရှိချုပ်ဝမ်... တန်ပါစ်ဂြိုဟ်ရဲ့ ပတ်ဝန်းကျင် အခြေအနေက အခုတလော တည်ငြိမ်လာတာကို သတိထားမိလား။

ဒီမှာ စူပါစွမ်းအားတွေ နိုးထလာဖို့ အခွင့်အလမ်း ပိုများလာသလို စွမ်းအားတွေ တိုးတက်မှုက လည်း အရမ်းမြန်လာတယ်" ဟု တိုးညှင်း လေးနက်သော အသံဖြင့် ပြောကြားလိုက်သည်။

ဝမ်ချန်သည် ထိုစကားကြောင့် အံ့အားသင့်သွား ရ၏။ သူသည် မြေအောက်ဂူဘုံနန်းမှ အစီအရင် များ၏ လွှမ်းမိုးမှုကြောင့် ဤသို့ ဖြစ်ရခြင်း ဖြစ် နိုင်ကြောင်းကို တွေးတောရင်း မုဟိုင်ထောင်း ပေးအပ်သော သတင်းအချက်အလက်မှာ တန်ဖိုး ကြီးလှသည်ဟု မှတ်ယူလိုက်လေတော့သည်။

***

## အခန်း (၁၃၂၂) - နက္ခတ်တာရာ ပင်လယ်ပြင် (၁၂၇))

*

မှုဟိုင်ထောင်းမှာ လေထဲတိမ်တောင် ပြောဆိုနေခြင်း မဟုတ်ပေ။ ယင်း၏ နောက်ကွယ်တွင် ခိုင်လုံသော အချက်အလက်များ ရှိနေလေသည်။

(B00785) အရန်အခြေစိုက်စခန်း၌ အသက်ရှင်ကျန်ရစ်သူ လေးထောင်ကျော် ရှိရာတွင် အင်ပါယာမှ ဂြိုဟ်ပတ်လမ်း သယ်ယူပို့ဆောင်ရေးစနစ်ကို တည်ဆောက်ပြီးနောက်၌ ထက်ဝက်နီးပါးခန့်မှာ ဤဂြိုဟ်မှ ထွက်ခွာ၍ အခြားတစ်နေရာတွင် အခြေချရန် ရွေးချယ်ခဲ့ကြချေသည်။

ကျန်ရှိနေသော ထက်ဝက်ခန့်မှာမူ မှုဟိုင်

ထောင်းနှင့်အတူ မိမိတို့၏ နေအိမ်များကို ပြန်လည်တည်ဆောက်ရန် ကျန်ရစ်ခဲ့ကြပေရာ လွန်ခဲ့သော ရှစ်နှစ်တာကာလအတွင်း လူနှစ်ထောင်အနက် တစ်ရာကျော်မှာ မိမိအလိုအလျောက်ပင် စူပါစွမ်းအားရှင်များ ဖြစ်လာခဲ့ကြသည်မှာ အံ့အားသင့်ဖွယ် ဖြစ်တော့သည်။

အင်ပါယာအတွင်းရှိ စူပါစွမ်းအား အများစုမှာ မျိုးရိုးဗီဇမြှင့်တင်မှု ကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ယင်းကို မျိုးရိုးဗီဇမြှင့်တင်မှု၏ ဘေးထွက်ဆိုးကျိုးတစ်ခုအဖြစ်သာ သတ်မှတ်ထားကြသည်ကို သတိပြုသင့်ပေသည်။

သဘာဝအလျောက် စွမ်းအားနိုးထလာသူများမှာ အလွန်ပင် နည်းပါးလှချေသည်။

သို့သော် လူနှစ်ထောင်အနက် တစ်ရာကျော်မှာ သဘာဝအလျောက် စွမ်းအားနိုးထလာခြင်းမှာ

လုံးဝပင် ပုံမှန်မဟုတ်သော အခြေအနေတစ်ရပ် ဖြစ်ပေသည်။

ထို့ပြင် စူပါစွမ်းအားရှင် အနည်းငယ်မှာလည်း မိမိတို့၏ စွမ်းအားများမှာ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာပြီး တစတစ ပိုမို အစွမ်းထက်လာသည်ကို သိရှိလာခဲ့ကြလေသည်။

ဤအခြေအနေကို သဘောပေါက်ပြီးနောက် မုဟိုင်ထောင်းသည် အထူးစုံစမ်းစစ်ဆေးမှု တစ်ရပ်ကို ပြုလုပ်ခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများတွင် စွမ်းအားနိုးထနိုင်ခြေ အမြင့်ဆုံးဖြစ်နေပြီး လွန်ခဲ့သောနှစ်အတွင်း တန်ပါစ်ဂြိုဟ် သို့ အလုပ်လာရောက်လုပ်ကိုင်ကြသူ ပြင်ပလူများတွင်လည်း စွမ်းအားနိုးထမှုများ ရှိနေသော်လည်း အရေအတွက်မှာ အလွန်ပင် နည်းပါးလှပေသည်။

သို့သော် ထိုအရေအတွက် နည်းပါးမှုမှာပင် ပုံမှန်ထက် ပိုမိုများပြားနေသည်ဖြစ်ရာ တန်ပါစ်ဂြိုဟ်၏ ထူးခြားသော ပတ်ဝန်းကျင်ကြောင့်ပင် ဤသို့သော ဖြစ်ရပ်မျိုး ဖြစ်ပေါ်လာရခြင်း ဖြစ်သည်ဟု မုဟိုင်ထောင်းက ကောက်ချက်ချလိုက်တော့သည်။

အချိန်ကြာလာသည်နှင့်အမျှ ပြင်ပမှ လာရောက်သူများတွင်လည်း စွမ်းအားနိုးထမှုနှုန်း မြင့်တက်လာလိမ့်မည်ဟု သူက ယုံကြည်နေပေသည်။

ဤသို့သော ထူးခြားသည့် ဖြစ်ရပ်မှာ တန်ပါစ်ဂြိုဟ်သည် စူပါစွမ်းအားရှင်များအတွက် နိဗ္ဗာန်ဘုံနှင့် မြင့်မြတ်သောနယ်မြေတစ်ခု ဖြစ်လာတော့မည်ကို ညွှန်ပြနေခြင်းပင် ဖြစ်ပေရာ အင်ပါယာဘက်မှလည်း ဤအချက်ကို မသိရှိဘဲ မနေနိုင်ပေ။

မကြာမီအတွင်း လူပေါင်းများစွာသည် စူပါစွမ်းအားများ ရရှိရန်အတွက် တန်ပါစ်ဂြိုဟ်သို့ အလုံးအရင်းနှင့် ရောက်ရှိလာကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်တန်ရာသည်။

"မင်းရဲ့ စူပါစွမ်းအားစီမံခန့်ခွဲရေးဗျူရို ဌာနချုပ်ကို ဒီမှာပဲ ထားသင့်တယ်" ဟု မုဟိုင်ထောင်းက ဝမ်ချန် အား လေးလေးနက်နက် ပြောလိုက်ပြီး "ဒါမှမဟုတ် စူပါစွမ်းအား အကယ်ဒမီကျောင်းတစ်ခုကို သီးသန့်တည်ထောင်မယ်ဆိုရင်လည်း အဆင်ပြေမှာပါ" ဟု ဆိုလေသည်။

ဝမ်ချန်မှာ အနည်းငယ် အံ့အားသင့်သွားရပေသည်။ မုဟိုင်ထောင်း၏ အကြံပြုချက်မှာ အလွန်ပင် ယုတ္တိရှိလှပြီး လေ့လာစမ်းသပ်ရန် ကောင်းလှသောကြောင့်ပင် ဖြစ်တော့သည်။

"ငါ့ကို အဲဒီလို လာကြည့်မနေနဲ့" ဟု မုဟိုင်ထောင်းက ဝမ်ချန်၏ အကြည့်ကို သတိပြုမိသွား

ပြီး ခါးသီးသော အပြုံးဖြင့် ဆိုသည်။

"ငါပြောခဲ့သလိုပဲ၊ အင်ပါယာကို သစ္စာဖောက်ဖို့ ငါ့စိတ်ထဲ တစ်ခါမှ မတွေးဖူးဘူး"

အရေးကြီးဆုံး အချက်မှာ သူတွေးနိုင်သော အရာများကို အင်ပါယာ၏ အဆင့်မြင့်အရာရှိကြီးများက မတွေးနိုင်ဘဲ ရှိပါမည်လော။

"ငါနားလည်ပါတယ်" ဟု ဝမ်ချန်က ခေါင်းညိတ်လိုက်ပြီး "ငါမနက်ဖြန် ထွက်သွားတော့မယ်၊ နောက်တစ်ခါ ငါပြန်လာတဲ့အခါ မင်းကို ဒီမှာပဲ ထပ်တွေ့ရဖို့ မျှော်လင့်တယ်" ဟု ဆိုလေသည်။

ယင်းသို့ တွေးတောရင်း သူသည် နက္ခတ်တာရာ လက်စွပ်ထဲမှ အိတ်တစ်အိတ်ကို တိုက်ရိုက်ထုတ်ယူလိုက်ပြီး မုဟိုင်ထောင်း၏ ရှေ့၌ ချထားပေးကာ "ဒါ မင်းအတွက်ပဲ" ဟု ပြောလိုက်သည်။

မုဟိုင်ထောင်းမှာ မှင်တက်သွားရပြီး မိမိမျက်စိကိုပင် မိမိ မယုံကြည်နိုင် ဖြစ်နေတော့သည်။

ဝမ်ချန်၏ လေထဲမှ ပစ္စည်းများ ထွက်ပေါ်လာအောင် ပြုလုပ်နိုင်သော စွမ်းအားကို ခဏဖယ်ထားလျှင်ပင် သူထုတ်ပေးလိုက်သော အိတ်မှာ ပွင့်နေပြီး အတွင်း၌ နက်သာအမြူတေ များပြည့်နှက်နေသည်ကို မုဟိုင်ထောင်းက ကောင်းစွာ သိရှိနေသောကြောင့်ပင် ဖြစ်လေသည်။

နက်သာအမြူတေများ၏ တန်ဖိုးကိုလည်း မုဟိုင်ထောင်းက ကောင်းစွာ သိရှိထားပေရာ ဝမ်ချန်သည် အဘယ်ကြောင့် ဤမျှ များပြားလှသော ရတနာများကို မိမိအား ပေးရသနည်းဆိုသည်ကို သူ နားမလည်နိုင်တော့ပေ။

"ဒီလောက်များတဲ့ နက်သာအမြူတေတွေကို မင်း ဘယ်က ရခဲ့တာလဲ"

ဝမ်ချန်က ပြုံးလျက် "ဒါတွေက နက်သာမျိုး

နွယ်စု တွေကို သတ်ပြီး ကောက်ခဲ့တာပေါ့၊ ဒါက ဘာမှ မဟုတ်ပါဘူး" ဟု ဆိုလေသည်။

လွန်ခဲ့သော ကိုးလတာအတွင်း သူသည် နက်သာမျိုးနွယ်စုဝင် ပေါင်းများစွာကို သုတ်သင်ခဲ့ပြီး နက်သာအမြူတေများ ပြည့်နှက်နေသော အိတ်ပေါင်း ဒါဇင်နှင့်ချီ၍ စုဆောင်းမိခဲ့သည်။

သူက မုဟိုင်ထောင်းအား အိတ်တစ်အိတ် ပေးရခြင်းမှာ အကယ်၍ မုဟိုင်ထောင်းသာ မတော်တဆမှု တစ်စုံတစ်ရာနှင့် မကြုံတွေ့ခဲ့လျှင် အနာဂတ်တွင် ကြီးကျယ်သော အောင်မြင်မှုများ ရရှိမည့် ကံပါသူတစ်ဦးဖြစ်သည်ဟု သူခံစားရသောကြောင့် ဖြစ်ပေသည်။

ဝမ်ချန်သည် ယင်းအပေါ်၌ ကောင်းသော အထင်အမြင် ရှိထားသဖြင့် စေတနာရှေ့ထား၍ လက်ဆောင်ပေးလိုက်ခြင်းသာ ဖြစ်ချေသည်။

ဒါက ဘာမှ မဟုတ်ဘူးတဲ့လား။ မုဟိုင်ထောင်း

မှာ နားထောင်ရင်းနှင့်ပင် ဝေခွဲမရ ဖြစ်နေတော့သည်။ အကယ်၍ နက်သာမျိုးနွယ်စုကို ကိုင်တွယ်ရလွယ်ကူပြီး နက်သာအမြူတေများကို ရယူရန် လွယ်ကူနေပါက ယင်းတို့မှာ ဤမျှ တန်ဖိုးကြီးနေမည် မဟုတ်ပေ။

ဝမ်ချန်သည် တန်ပါစ်ဂြိုဟ်ပေါ်၌ ရှိနေစဉ်အတွင်း နက်သာမျိုးနွယ်စုဝင် မည်မျှများများအား သတ်ဖြတ်ခဲ့မှသာ ဤမျှ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် များပြားလှသော အမြူတေများကို စုဆောင်းနိုင်မည်နည်းဟု သူ မတွေးတောနိုင်တော့ပေ။

ဝမ်ချန်သည် မည်မျှအထိ အစွမ်းထက်လာခဲ့ပြီနည်း။

ဤနက်သာအမြူတေ အိတ်မှာ မုဟိုင်ထောင်းစူပါစွမ်းအားများ နိုးထလာချိန်မှစ၍ ရရှိထားသော မိမိကိုယ်မိမိ ယုံကြည်မှုများကို လုံးဝပင်

ရိုက်ချိုးလိုက်ပြီး ဝမ်ချန်အပေါ်တွင်လည်း များစွာသော ရှိသေခန့်ညားမှုများကို ဖြစ်ပေါ်စေခဲ့လေသည်။

ဤခန့်ညားမှုမှာ သူ၏ ဝိညာဉ်အတွင်း၌ပင် စွဲထင်သွားခဲ့ရချေပြီ။

မုဟိုင်ထောင်းသည် အသက်ကို ပြင်းပြင်းရှူကာ မိမိကိုယ်မိမိ ပြန်လည်တည်ငြိမ်အောင် ထိန်းလိုက်ပြီးနောက် မတ်တပ်ရပ်၍ ဝမ်ချန်အား ရိုသေစွာဖြင့် ဦးညွှတ်လိုက်ကာ "တန်ပါဝ်ဂြိုဟ်ပေါ်က ပြည်သူတွေကိုယ်စား ငါ့ရဲ့ စိတ်ရင်းအမှန်ဆုံး ကျေးဇူးတင်စကားကို ပြောပါရစေ" ဟု ဆိုသည်။

"ကျေးဇူးတင်ပါတယ်!"

နက်သာစစ်တပ် မှာ တန်ပါဝ်ကြယ်စုတန်း မှ ဆုတ်ခွာသွားခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း တန်ပါဝ်ဂြိုဟ်ပေါ်တွင် သူတို့ချန်ထားခဲ့သော မျိုး

နွယ်စုများမှာ ဤ၊ဂြိုဟ်ပေါ်ရှိ ဌာနေ တိုင်းရင်းသားများအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုကြီးပင် ဖြစ်ပေသည်။

တန်ပါစ်ဂြိုဟ် ကျဆုံးခဲ့စဉ်အတွင်း မြေအောက်အခြေစိုက်စခန်း အများအပြားမှာ နက်သာအမဲလိုက်မုဆိုး များ၏ ရှာဖွေတွေ့ရှိခြင်းကို ခံခဲ့ရသဖြင့် သေဆုံးသူဦးရေမှာ မရေမတွက်နိုင်အောင် များပြားခဲ့လေသည်။

အင်ပါယာသည် တန်ပါစ်ကြယ်စုတန်းကို ယခုအခါ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်သော်လည်း တန်ပါစ်ဂြိုဟ်၏ ထူးခြားသော အခြေအနေများကြောင့် အဆင့်မြင့်နည်းပညာသုံး လက်နက်များကို ဤနေရာ၌ အသုံးမပြုနိုင်ပေရာ ကျန်ရှိနေသော နက်သာမျိုးနွယ်စုဝင်များ၏ ခြိမ်းခြောက်မှုမှာလည်း ပျောက်ကွယ်သွားမည် မဟုတ်ပေ။

ယခုအခါ ဝမ်ချန်သည် နက်သာအမြူတော

အမြောက်အမြား စုဆောင်းနိုင်ခဲ့သည့်မှာ သူ၏လက်ချက်ဖြင့် နက်သာမျိုးနွယ်စုဝင် ပေါင်းများစွာ သေဆုံးခဲ့ရပြီဟု အဓိပ္ပာယ်ရပေရာ ယင်းသည် အသက်ရှင်ကျန်ရစ်သူများအတွက် မည့်မျှပင် ကံကောင်းလှပါသနည်း။

နက်သာမျိုးနွယ်စုများကို လုံးဝအမြစ်ပြတ် သုတ်သင်နိုင်မှသာ လူသားတို့သည် တန်ပါစ်ဂြိုဟ်ပေါ်၌ မိမိတို့၏ နေအိမ်များကို အမှန်တကယ် ပြန်လည်တည်ဆောက်နိုင်ကြမည် ဖြစ်ပေသည်။

ဝမ်ချန် ပြုလုပ်ခဲ့သော အကျိုးပြုမှုမှာ အလွန်ပင် ကြီးမားလှသည်ဟု ဆိုနိုင်ပေသည်။

"အားနာမနေပါနဲ့" ဟု ဝမ်ချန်က လက်ယမ်းလိုက်ကာ "ငါ့ဘာသာ ငါလုပ်တာပါ၊ ဒီရတနာတွေကို အလဟဿမဖြစ်စေဘဲ ကောင်းကောင်းအသုံးချဖို့ပဲ မျှော်လင့်တယ်" ဟု ဆိုလေသည်။

မုဟိုင်ထောင်းက "ငါ့အသက်နဲ့ ရင်းပြီး အာမခံပါတယ်" ဟု လေးနက်စွာ ပြန်လည်ဖြေကြားလိုက်တော့သည်။

"ကောင်းပြီလေ"

ထိုညတွင် ဝမ်ချန်သည် ဒဲလ်ရေးမြို့ အသစ်ရှိ ဟိုတယ်တစ်ခု၌ ညအိပ်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်တွင် သူသည် ဂြိုဟ်ပတ်လမ်း သွားလာရေးယာဉ်ပေါ်သို့ တက်ရောက်ခဲ့ပြီး ယင်းယာဉ်ကပင် သူ့အား အာကာသအပြင်ဘက်ရှိ အာကာသခံတပ် ဆီသို့ ချောမွေ့စွာ ပို့ဆောင်ပေးခဲ့သည်။

တစ်နှစ်နီးပါး တည်ဆောက်ပြီးနောက်တွင် ရောမ အာကာသခံတပ်ကြီးမှာ ပုံပေါ်လာခဲ့ပြီဖြစ်ကာ ပင်မအစိတ်အပိုင်း အများစုမှာ ပြီးစီးနေပြီ ဖြစ်သဖြင့် အာကာသတပ်ဖွဲ့များ ဆိုက်ကပ်နိုင်စွမ်း ရှိနေပြီ ဖြစ်လေသည်။

အင်ပါယာ၏ နက်ရှိုင်းသော အစွမ်းအစနှင့် အရင်းအမြစ်များကို ဤအရာက သက်သေပြနေခြင်းပင် ဖြစ်တော့သည်။

အာကာသခံတပ်အတွင်း၌ သပ်ရပ်လှပသော ဟိုတယ်များ တည်ရှိနေချေရာ ဝမ်ချန်သည် ဟိုတယ်သို့ ရောက်ရှိသွားချိန်၌ ခေတ်မီနည်းပညာ လူ့အဖွဲ့အစည်းသို့ ပြန်လည်ရောက်ရှိသွားသကဲ့သို့ ခံစားလိုက်ရသည်။

သူသည် ဦးစွာ မိမိ၏ ရည်းစားနှစ်ဦးနှင့် ဆက်သွယ်လိုက်လေသည်။ ဝမ်ချန်သည် ထိုက်ဝူကြယ်စုတန်း သို့ လာနေပြီဖြစ်ကြောင်း သိရသောအခါ တန်မို နှင့် မင်မေ တို့မှာ အလွန်ပင် ဝမ်းသာသွားကြပြီး မင်မေက ဝမ်ချန်အတွက် အံ့အားသင့်စရာ အကြီးကြီးတစ်ခု ရှိနေကြောင်းပင် ဆိုလိုက်သေးသည်။

ဝမ်ချန်သည် မိမိ၏ ရည်းစားများနှင့် ချစ်

ချစ်ခင်ခင် စကားလက်ဆုံကျနေစဉ်အတွင်း သူ နေထိုင်ရာ ဟိုတယ်အခန်း၏ တံခါး ခေါင်းလောင်းသံမှာ ရုတ်တရက် မြည်လာခဲ့ သည်။

ဝမ်ချန်သည် လက်ယမ်းလိုက်ရုံဖြင့် ဟိုလိုဂရပ် ဖစ် ဖန်သားပြင်တစ်ခု ပေါ်လာပြီး အပြင်ဘက် တွင် သပ်ရပ်စွာ ဝတ်ဆင်ထားသော လူလတ် ပိုင်းအရွယ် အမျိုးသားတစ်ဦး ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ခဏမျှ တွေးတောလိုက်ပြီးနောက် တန်မိုနှင့် မင်မေတို့အား "ငါ့မှာ ကိုင်တွယ်စရာ ကိစ္စလေးတစ်ခု ရှိလာလို့၊ ငါထိုက်ပူဂြိုဟ်ကို ရောက်ရင် ဆက်ပြောကြတာပေါ့" ဟု ဆိုကာ ဖုန်းချလိုက်လေသည်။

ထို့နောက် ဝမ်ချန်သည် ထိုင်ရာမှထ၍ တံခါး သွားဖွင့်ပေးလိုက်ပြီး "ဘယ်သူ့ကို ရှာနေတာလဲ"

ဟု မေးလိုက်သည်။

"ဆရာ ဝမ်ချန် ဟုတ်ပါသလား "

တံခါးဝရှိ လူလတ်ပိုင်း အမျိုးသားသည် ပြုံးလျက် ကတ်ပြားတစ်ခုကို ကမ်းပေးလိုက်ပြီး "အသိမပေးဘဲ လာရောက်လည်ပတ်မိတဲ့အတွက် တောင်းပန်ပါတယ်၊ ကျွန်တော်ကတော့ တန်ပါစ်ဂြိုဟ်မှာ အခြေစိုက်တဲ့ ဝမ်ဟိုင်းဂရု ရဲ့ ပြင်ပစီးပွားရေးဌာနခွဲ မန်နေဂျာ ဝမ်ဘန်ဒါ ဖြစ်ပါတယ်" ဟု ဆိုလေသည်။

ဝမ်ဟိုင်းဂရုတဲ့လား။

ဝမ်ချန်သည် မျက်ခုံးပင့်လိုက်ပြီး ကတ်ပြားကို ယူ၍ တစ်ချက်ကြည့်လိုက်ကာ "ဘာကိစ္စရှိလို့လဲ" ဟု မေးလိုက်သည်။

ဝမ်ဘန်ဒါက ဦးညွှတ်လိုက်ပြီး "ဆရာဝမ်၊ စကားခဏလောက် ပြောခွင့်ရမလား" ဟု ဆိုသည်။

ဝမ်ချန်က ခေါင်းညိတ်လိုက်ပြီး "ကောင်းပြီ၊ ဝင်ခဲ့ပါ" ဟု ပြောလိုက်တော့သည်။

အခန်းတွင်းရှိ ညှော့ခန်း၌ ထိုင်လိုက်ပြီးနောက် ဝမ်ချန်က ပွင့်ပွင့်လင်းလင်းပင် "... မင်းတို့ရဲ့ ဝမ် ဟိုင်းဂရုက ဘာလုပ်ချင်နေတာလဲ" ဟု မေး လိုက်လေတော့သတည်း။

***